သိန်းမင်းစာပေ



# အခန်း(၁)

ပန်းပေါင်းစုံပွင့်ဖူးနေသော ပန်းခြံထဲမှာ ပန်းရနံ့မျိုးစုံက ရောင်သွေးစုံ ရောထွေး မွှမ်းထုံ သင်းကြိုင်နေသည် ။ သာယာလှပသော ပန်းခြံလေးတွင် ထိုင်နေသော မိန်းမလှလေးရဲ့ ရင်ထဲမှာ တော့ အေးချမ်းခြင်းမရှိပါ။

သင်းထုံပျံ့ကြိုင်နေသော ပန်းရနံ့ကို မခံစားမိသလို သာယာလှပသော သဘာဝရှုခင်းကိုလည်း မြင်နိုင်စွမ်းမရှိပါ။

သူ့ရင်ထဲမှာ ဒေါသစိတ်၊ ခံပြင်းစိတ်တွေ ဆူလောင်နေသည် ။

"မိဘတွေ စိတ်ချမ်းသာစေချင်လို့ နားထောင်လိုက်တာ ငါသိပ်မှားသွားပြီ"

"ဒီလို မက်လုံးကြီးတဲ့ ယောကျ်ားမျိုးကိုမှ ငါလက်ခံလိုက်တာ အထိနာလိုက်တာ"

"အောင်တိုးဆိုတဲ့ လူကို ငါ့တစ်သက်ခွင့်မလွှတ်ဘူး"

ဝမ်းနည်းကြေကွဲခြင်းကြောင့် မဟုတ်၊ ဒေါသကြောင့် ထွက်လာသော မျက်ရည်စတွေကို မျက်လုံးအိမ်ထဲ ပြန်သွင်းလိုက်သည် ။

"ဒီလိုအရှက်မရှိတဲ့ လူအတွက် ငါအချိန်ကုန်ခံပြီး တွေးမနေတော့

ဘူး"

အတွေးစကိုဖြတ်ပြီး မှောင်ရီပျိုးလာသဖြင့် အိမ်ထဲကိုဝင်လိုက်သည်။ နှလုံးအထူးကု ဆရာဝန်ကြီး ဦးကျော်လွင်နှင့် သူနာပြုဆရာမကြီး ဒေါ်ကေသွယ်တို့ ၏ သမီးနှစ်ယောက်အနက် ဖြူနှင်းသွယ်က အကြီးဖြစ်ပြီး သမီးအငယ်က ညိုလွင်သွယ်ဖြစ်သည် ။

အိမ်ထဲသို့ လှမ်းဝင်လိုက်စဉ် သူ့ကိုလိုက်ရှာနေသော မညိုလွင်သွယ်ကို တွေ့ရသည် ။

"ဟင် ... မကြီး ခြံထဲဆင်းနေတာလား"

"အင်း..."

"ထမင်းစားဖို့ ဖေဖေတို့ စောင့်နေတယ်"

"အင်း..."

မတုန်မလှုပ်နှင့် ဖြစ်နေသော အစ်မကိုကြည့်ပြီး တစ်ခုခုဖြစ်နေပြီဆိုတာ ညိုလွင်သွယ်က သိသည် ။

"မကြီး ဘာဖြစ်နေတာလဲ"

"ဘာမှ ဖြစ်ပါဘူး"

"မကြီးပုံစံက ဒေါသဖြစ်နေသလို"

"မဖြစ်ပါဘူးဟယ်..."

လျှာရှည်နေသော ညိုလွင်သွယ်ကို စိတ်မရှည်စွာပြောပြီး သူ့ကိုဖြတ်ကျော်ကာ ထမင်းစားခန်း ဆီသို့ လျှောက်လာခဲ့သည် ။ ထမင်းစားပွဲမှာ မိဘနှစ်ပါးစလုံး ရောက်နေကြပါပြီ။ သူ့ကို စူးစမ်းသော အကြည့်၊ တောင်းပန်တိုးလျှိုးသောအကြည့်နှင့် ကြည့်နေသည် ဆိုတာ

ကို ဖြူနှင်းသွယ်က ခံစားလိုက်ရ သည် ။ အထူးသူနာပြုဆရာမလေး ဖြူနှင်းသွယ်က မိဘနှစ်ပါးစလုံးကို မကြည့်မိအောင် ကြိုးစားပြီး စားပွဲမှာဝင်ထိုင်လိုက်သည် ။

လူစုံနေပြီမို့ အိမ်ဖော်မလေးက ထမင်းခူးခပ်ကျွေးသည် ။ ထမင်းစားပွဲမှာ ညိုလွင်သွယ်ရဲ့ အသံကလွဲပြီး သိပ်ကိုတိတ်ဆိတ်နေသည် ။ ငြိမ်သက်နေသော ပတ်ဝန်းကျင်ကိုကြည့်ပြီး ညိုလွင်သွယ် က မေးသည် ။

"ဒီနေ့ ဘာဖြစ်နေကြတာလဲ၊ ဖေဖေတို့ အားလုံး အသံတိတ်နေကြတယ်"

"ဘာမှ မဖြစ်ပါဘူး၊ ဒါနဲ့ သမီးငယ် စာမေးပွဲနီးပြီနော်"

"ဟုတ်ကဲ့ ဖေဖေ"

"ဒီနှစ် ဖိုင်နယ်နော်၊ ပေါ့လို့ မဖြစ်ဘူး၊ စာတွေရော ရရဲ့ လား"

"ဖေဖေကလည်း ညို့ကို အထင်သေးလိုက်တာ၊ နှလုံးအထူးကု ပါရဂူကြီးရဲ့ သမီးပါ၊ ဒီစာတွေ လောက်တော့ အပျော့ပေါ့"

"အင်း… အပြောနဲ့ အလုပ် ကိုက်ညီမလား ကြည့်ရသေးတာပေါ့"

"ညီမလေးက တော်ပြီးသားပါ ဖေဖေ"

ဖြူနှင်းသွယ်က စိတ်ထဲခံစားမှုတွေ ပေါ့ပါးစေရန်အတွက် စိတ်အာရုံပြောင်းပြီး တစ်ခန်း ဝင်ပြောလိုက်သည် ။ ရင်ထဲမှာ ပေါ့သွားမည်ထင်သော်လည်း ပေါ့သွားခြင်းမရှိပါ။

ထမင်းစားရသည် မှာ လည်း ပါးစပ်တွင် အရသာမဲ့နေသည် မို့ ဆက်မစားချင်တော့ပါ။ သူ့အရိပ် အခြည်ကို ကြည့်နေသော မိဘပါးကလည်း စားရတာသိပ်မျိုမကျသလို ဖြစ်နေသည် ။

စားချင်စိတ်မရှိဘဲ အတင်းမျိုချနေရသည် မှာ ပင်ပန်းလှသဖြင့် ဖြူနှင်းသွယ်က ထမင်းစားခြင်း ကို ရပ်ပစ်လိုက်သည် ။ မိဘနှစ်ပါးကလည်း ထိခိုက်ကြေကွဲမှုတွေ ရင်ထဲမှာ ခံစားနေရသဖြင့် ထမင်းဆက်စားလိုစိတ်မရှိဘဲ ရပ်လိုက်သည် ။

"ဖေဖေတို့ အားလုံး ဘာဖြစ်ကြတာလဲ၊ ထမင်းကောင်းကောင်း မစားဘူး"

"သမီးကြီး ဖေဖေတို့ ကို ခွင့်လွှတ်ပါကွယ်"

ဖခင် ဒေါက်တာကျော်လွင်က ထိုသို့ပြောလိုက်သဖြင့် ညိုလွင်သွယ်က စားမည့် ထမင်းလုတ်ကို ပါးစပ်ထဲသို့ မထည့်သေးဘဲ လမ်းခုလတ်မှာ ရပ်တန့်ပြီး တအံ့တဩနှင့် ဖခင်ကိုမေးလိုက်သည် ။

"ဖေဖေ ဘာဖြစ်လို့ မကြီးကိုခွင့်လွှတ်ပါလို့ ပြောနေတာလဲ"

"သမီးငယ်ရယ် အမေးအမြန်းထူလိုက်တာ၊ မေမေတို့ စိတ်ညစ်နေတယ်"

"ဟင်... စိတ်ညစ်နေတယ်"

"ဟုတ်တယ်... ပါးစပ်လေးပိတ်ပြီးနေကွယ်"

ဒေါ်ကေသွယ်က စိတ်မရှည်သည့် ပုံစံနှင့် မို့ ညိုလွင်သွယ်က ပါးစပ်လေးပိတ်သွားသည် ။

"မောင်အောင်တိုး ဒီလောက်သစ္စာမဲ့လိမ့်မယ်လို့ မေမေတို့ မထင်ခဲ့လို့ မှားသွားပြီကွယ်"

"ဟင်... ကိုအောင်တိုးက ဘာဖြစ်လို့ လဲ"

ပါးစပ်ပိတ်ထားလို့ တားထားသော်လည်း ညိုလွင်သွယ်က သိလိုစိ

တ်ကို မထိန်းသိမ်းနိုင်ဘဲ မေးလိုက်သည် ။

"မောင်အောင်တိုးက တခြားတစ်ယောက်နဲ့ စေ့စပ်တော့မယ်"

"ဟင်... ဟုတ်လား၊ လူကြီးတွေက မကြီးနဲ့ သူ့ကို သဘောတူပြီးသား၊ စေ့စပ်တော့မယ်တောင် လုပ်နေတာမဟုတ်လား"

ညိုလွင်သွယ်၏ မကျေမနပ်အသံလေးက ဒေါသထွက်ပြီးပြောလိုက်သည် ။

"ဟုတ်ပါတယ် ညီမလေးရယ်၊ သူက မမထက် သာတဲ့ လူကို ရွေးလိုက်ပြီလေ"

"ဟာ ... မိုက်ရိုင်းလိုက်တာ"

"ငွေမက်တဲ့ သူ့အတွက် ဒါ မိုက်ရိုင်းတဲ့ ကိစ္စ မဟုတ်ဘူး လို့ ထင်မှာပေါ့"

"နေပါဦး မကြီးရယ် သူရွေးလိုက်တဲ့ မိန်းမက မကြီးထက် ဘာတွေများ သာနေလို့ လဲ"

"သာပြီကော ညီမလေးရယ်၊ သူရွေးလိုက်တာ သူ့ကုမ္ပဏီသူဌေးကြီး ဦးအောင်မြင့်ရဲ့ တစ်ဦးတည်းသောသမီး သန္တာအောင်လေ"

"ဟင် ... ဟုတ်လား၊ ယောကျ်ားတန်မဲ့ အတော်ငွေမက်တာပဲနော်"

"မကြီးကို လက်မထပ်ရသေးတာ၊ သူ့မှာ ရွေးချယ်ပိုင်ခွင့်ရှိပါတယ်"

"ဒီလိုဆို အစကတည်းက လူကြီးတွေရဲ့ ဆန္ဒကို မလိုက်လျောနဲ့ပေါ့၊ မကြီးကိုလည်း လာကပ်ပြီး ပတ်ချွဲနပ်ချွဲနဲ့ "

ညိုလွင်သွယ်က စိတ်ဆတ်သူပီပီ မခံမရပ်နိုင်အောင် ဖြစ်နေသည် ။

"အဲဒါ မကြီးကိုအရှက်ခွဲတာ၊ ညိုတော့ လုံးဝခွင့်မလွှတ်နိုင်ဘူး။"

"ထားလိုက်စမ်းပါဦး ညီမလေးရယ်၊ ဒီလိုစိတ်ထားမျိုးရှိတာ စောစောသိရလို့ ကံကောင်းသွား တယ်ပဲ မှတ်ယူလိုက်ပါ"

"မကြီးရဲ့ ရင်ထဲမှာ နည်းနည်းလေးမှ မခံစားရဘူးလား"

"မကြီးက သူ့ကိုမေတ္တာရှိလို့ လက်ခံခဲ့တာ မဟုတ်ဘူး လေ၊ လူကြီးတွေစိတ်ချမ်းသာအောင် လက်ခံခဲ့တာဆိုတော့ ခံပြင်းစိတ်တစ်ခုတည်းပါ"

"ကြည့်နေ ... သွားတွေ့ပြီး ကောင်းကောင်း ကို ပျစ်ပျစ်နှစ်နှစ်ပြောပစ်လိုက်ဦးမယ်"

"မလုပ်ပါနဲ့ ညီမလေးရယ်၊ သွားပြောမှ သူ့ကို မကြီးက မက်လွန်းလို့ လက်လွှတ်ဆုံးရှုံးရတာ ဒေါသဖြစ်နေတယ် ထင်နေပါဦးမယ်"

"မက်တာမဟုတ်ဘဲ ဒေါသဖြစ်တာအမှန်ပဲ မဟုတ်လားမကြီးရယ် တန်အောင်တော့ ပြောရမှာ ပေ့ါ"

"နေပါစေတော့ ညီမလေးရယ်၊ သူနဲ့ ပတ်သက်ပြီး မကြီးဘာကိုမှ မကြားချင်တော့ ဘူး"

"ဟုတ်ပါတယ် သမီးငယ်ရယ်၊ သွားပြောမှ တစ်ရှက်ကနှစ်ရှက်ဖြစ်နေပါဦးမယ်"

"ညို့ တကယ်ခံပြင်းတယ် မကြီးရယ်၊ မကြီးမှာ ဘာအပြစ်ရှိလို့ ဒီလိုပစ်ပစ်ခါခါ လုပ်ရတာလဲ"

"မကြီးက သူလိုချင်တဲ့ ချမ်းသာကြွယ်ဝမှုကို မပေးနိုင်လို့ နေမှာ ပေ့ါကွယ်"

"ယောက်ျားတစ်ယောက်ဖြစ်ပြီး ဒီလိုမက်လုံးကြီးတာ ရှက်စရာပါ"

"သူက ရှက်စရာလို့ မထင်လို့ လုပ်ပြီးပြီပဲ၊ မေ့ထားလိုက်တာအကောင်းဆုံးပဲ"

"မေမေတို့ ကြောင့် သမီးကြီး ဒီလို အရှက်ခံစားရတာကို စိတ်မကောင်းလိုက်တာကွယ်"

"ဟုတ်တယ် သမီးကြီးရယ်၊ ဖေဖေတို့ သင့်တော်မယ်ထင်လို့ လုပ်လိုက်တာ၊ သမီးကြီးအတွက် အရှက်တကွဲ ဖြစ်ရပြီနော်"

"ဒီကိစ္စ ရင်းနှီးသူတွေလောက်သာ သိကြတာပါ ဖေဖေ"

"အဲဒါတော့ ဟုတ်ပါတယ်ကွယ်"

"ပတ်ဝန်းကျင်က အနည်းအကျဉ်း သိကြတယ်၊ ဒီပတ်ဝန်းကျင်မှာ ဖြူသွယ် မနေချင်ဘူး။ ခဏရှောင်နေချင်တယ်"

ဒေါက်တာကျော်လွင်နှင့် ဒေါ်ကေသွယ်က သမီးကြီးကို စာနာသနားသောအကြည့်နှင့် ကြည့်လိုက်သည် ။

"မေမေတို့ ဆက်ဆော့မိလို့ သမီးကြီး ခံစားနေရတာဖြစ်ပြီး စိတ်မကောင်းလိုက်တာကွယ်"

"ပြီးခဲ့တဲ့ ကိစ္စတွေကို ထားလိုက်ပါမေမေရယ်၊ ဖြူနှင်းသွယ်ရဲ့ ကံအကြောင်းတရားလို့ ပဲ သဘော ထားလိုက်ပါ"

"အင်းလေ ... အခုမှ တော့ ဘာတတ်နိုင်မှာ လဲ"

"နှင်းသွယ်ကို တစ်ခုပဲကူညီပေးပါ မေမေ"

"ပြော သမီးကြီးပြော၊ မေမေ သမီးကြီးဖြစ်ချင်တာကို အားလုံးစီစဉ်ပေးမယ်"

"ရန်ကုန်ကနေ ခဏလောက် နှင်းသွယ်ရှောင်နေမယ်"

"ဘယ်ကိုသွားချင်လဲပြော၊ မေမေစီစဉ်ပေးမယ်"

"အလည်မသွားချင်ဘူး၊ အလုပ်တစ်ခုခုနဲ့ သွားချင်တာပါ"

"အင်း ... ကောင်းပါပြီ သမီးကြီးရယ်၊ ဖေဖေစီစဉ်ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် ဖေဖေ"

"အဲလိုမပြောပါနဲ့ သမီးကြီးရယ်၊ ဖေဖေတို့ ကြောင့် ခံစားရတဲ့ သမီးကိုကြည့်ပြီး ဖေဖေ စိတ်မကောင်း နောင်တရနေတာပါ"

"ဖေဖေတို့ အားလုံး နှင်းသွယ်ကြောင့် စိတ်မကောင်းမဖြစ်ကြပါနဲ့နော်၊ နှင်းသွယ်ခံစားရတာ အခိုက်အတန့်လေးတစ်ခုပဲ ဖြစ်မှာ ပါ၊ ပြီးတော့လည်း အားလုံးပုံမှန် ပြန်ဖြစ်သွားမှာ ပါ"

"ဖေဖေတို့ ကို အပြစ်မတင်တဲ့ သမီးကြီးကိုကျေးဇူးတင်ပါတယ်ကွယ်"

"နှင်းသွယ် သွားနားတော့မယ်နော်"

"ညီမလေးလည်း လိုက်ခဲ့မယ်"

"မကြီးတစ်ယောက်တည်း အေးအေးဆေးဆေး နေချင်တယ်ညို"

"အင်း ... ဒါဆို ကောင်းပါပြီ မကြီးရယ်၊ မကြီးရဲ့ မျက်ရည်နဲ့ မထိုက်တန်တဲ့ အဲဒီလူယုတ်မာ အတွက် မငိုနဲ့ နော်"

"အေးပါကွယ်"

ဖြူနှင်းသွယ်က သူ့အခန်းဆီသို့ လျှောက်လာခဲ့သည်။ အခန်းထဲရောက်ပြီး တံခါးကို သော့နှိပ် လိုက်ပြီး ခုတင်ပေါ်မှာ လှဲချပစ်လိုက်သည်။

*****

## အခန်း(၂)

နေ့ခင်းက ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များက ရုပ်ဆိုးအကျည်းတန်စွာ သူ့ရဲ့ အတွေးထဲသို့ တိုးဝင်လာသည် ။

မိဘများ သဘောတူထားပြီးနောက် အောင်တိုးသည် ဖြူနှင်းသွယ်ကို တရင်းတနှီး ဆက်ဆံလာ သည် ။ နှစ်ယောက်တည်း ရုပ်ရှင်အတူသွားကြည့်ခြင်း၊ အပြင်ထွက် လှည့်လည် စားသောက်ခြင်းတို့ ကို ပြုလုပ်ပါသည် ။

တွေ့ဖန်များ တော့ အောင်တိုးကိုမချစ်သော်လည်း ရင်းနှီးလာသည် ။ မိဘတွေ စိတ်ချမ်းသာရန် ရင်းနှီးမှုကိုအခြေခံပြီး လက်ထပ်မည်ဟု စိတ်ကူးဆုံးဖြတ်ခဲ့သည် ။

ငြင်းစရာမရှိသော အောင်တိုးကို အိမ်ထောင်ဖက်အဖြစ် လက်ခံသတ်မှတ်ပြီး တဖြည်းဖြည်း သူ့ကို ချစ်နိုင်အောင် ကြိုးစားမည်ဟု ဆုံးဖြတ်ခဲ့သည် ။

အထူးသူနာပြုဆရာမလေး ဖြူနှင်းသွယ် အလုပ်တာဝန်ချိန် ပြီးသည့် အချိန်မှာ နေ့တိုင်းလိုလို အောင်တိုးက လာကြိုတတ်သည် ။

ကုမ္ပဏီတစ်ခုမှာ မန်နေဂျာလုပ်နေသော အောင်တိုးက ဖြူနှင်းသွယ်ကို မအားသည့် ကြားထဲက အချိန်ကို ရှာဖွေပေးခဲ့သည် ။

သည် လိုအခြေအနေကနေ တဖြည်းဖြည်း အောင်တိုးက ဖြူနှင်းသွ

ယ်ထံသို့ အလာကျဲသွား သည် ။ အလုပ်များ သည် ဆိုသော အကြောင်းပြချက်ကို စိတ်ချလက်ချ ယုံကြည်လိုက်သည် ။

တဖြည်းဖြည်း အလာကျဲရာကနေ အဆက်အသွယ်ပြတ်ပြီး တယ်လီဖုန်းနှင့် တစ်ခါတစ်ရံ ပြောသည် လောက်သာ ရှိခဲ့သည် ။

တစ်နေ့မှာ ဆေးရုံကနေ လူနာတစ်ယောက်ကို နေ့စောင့်ပေးပြီး အပြန်မှာ ဒဂုန်စင်တာသို့ ဝယ်ခြမ်းစရာရှိ၍ ဝင်သည် ။

ညိုလွင်သွယ်နှင့် သူ့အတွက် ဘလောက်(စ်)အင်္ကျီဝယ်ရန် ရှာနေစဉ် သူ့မျက်ဝန်းထဲသို့ မထင်မှတ်သောပုံရိပ်တစ်ခု တိုးဝင်လာသည် ။

အောင်တိုးနှင့် အတူ အောင်တိုးရဲ့ လက်မောင်းကို ဖက်တွယ်ပြီး ကြည်နူးရယ်မောစွာ ပြောဆို နေသော မိန်းမတစ်ယောက်ကို တွေ့လိုက်ရသည် ။

အောင်တိုးကလည်း ရယ်မောပြောဆိုနေသည် ။ သူတို့ နှစ်ယောက်ကို ကြည့်ရသည် မှာ တလောကလုံးကို မေ့နေသည့် ပုံစံပါ။

ရုတ်တရက် ဖြူနှင်းသွယ်ကို ပက်ပင်းကြီးတွေ့လိုက်ရသဖြင့် အောင်တိုးက အလွန်အံ့ဩသည့် ပုံစံဖြစ်သွားသည် ။ ရှောင်လွှဲ၍ မရတော့သဖြင့် မျက်စိမျက်နှာပျက်ပျက်နှင့် ဖြူနှင်းသွယ်ကို မိတ်ဆက် ပေးသည် ။

အောင်တိုးကို မချစ်သော်လည်း သည်လိုရုတ်တရက်တွေ့လိုက်ရသဖြင့် ဖြူနှင်းသွယ်ရဲ့ ရင်ထဲမှာ ခံစားလိုက်ရပါသည် ။ စိတ်ကို အတတ်နိုင်ဆုံးထိန်းပြီး အောင်တိုးရဲ့ မျက်နှာကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်လိုက်သည် ။

"မတွေ့တာတောင် ကြာပြီနော်"

ဖြူနှင်းသွယ် ထိုသို့ပြောလိုက်တော့ အောင်တိုးရဲ့ လက်မောင်းကို ဖ

က်တွယ်ထားသည့် အမျိုးသမီးငယ်က ဖြူနှင်းသွယ်ရဲ့ မျက်နှာကို ပြုံးရယ်ပြီး လှမ်းကြည့်သည် ။

"ကိုကို့ရဲ့ သူငယ်ချင်းလား"

"အင်း..."

အောင်တိုးက မအီမလည် မျက်နှာကြီးနှင့် ဦးခေါင်းညိတ်လိုက်သည် ။

"သန္တာ့ကို မိတ်ဆက်ပေးဦးလေ"

"ဪ ... သူက ဖြူနှင်းသွယ်လေ"

"မမက အရမ်းချောတာပဲနော်၊ ကျွန်မက သန္တာအောင်ပါ ကိုကိုနဲ့ မကြာခင်လက်ထပ်တော့ မှာ လေ"

"ဪ..."

အလွန်အံ့ဩသွားပြီး တုန်လှုပ်သွားသော်လည်း မျက်နှာကို အချိန်မီ ထိန်းလိုက်နိုင်သည် ။

"သွားလိုက်ပါဦးမယ်"

ဖြူနှင်းသွယ်ကပဲ စတင်နှုတ်ဆက်လိုက်သည် ။

"ဟုတ်ကဲ့၊ သန္တာအောင်တို့ မင်္ဂလာဆောင်ကျရင် လာရမယ်နော်"

"ကောင်းပါပြီကွယ်"

ဖြူနှင်းသွယ်က အလျင်နှုတ်ဆက်ပြီး ထွက်လာခဲ့သည် ။ ရင်ထဲမှာ တော့ ဒေါသစိတ်တွေ၊ ခံပြင်းစိတ်တွေနှင့် ဖြောင်းဆန်နေသည် ။

အဝတ်အထည်လည်း ဝယ်ချင်စိတ်မရှိတော့ဘဲ အိမ်ကိုတန်းပြန်လာ

ခဲ့သည် ။ မိဘတွေ စိတ်မချမ်းသာမှာ စိုးရိမ်ပြီး ထိုသတင်းကိုမပြော သေးပါ။

ထမင်းစားသောက်ပြီး၊ တီဗွီကြည့်ပြီး အသီးသီး အိပ်ရာဝင်ကုန်ကြ ည်သည် ။ ညကြီးမိုးချုပ် တယ်လီဖုန်းသံ မြည်လာသဖြင့် ဖြူနှင်းသွယ် က တယ်လီဖုန်းကိုထကိုင်သည် ။

"နှင်းသွယ်ပါ"

သူ့ရဲ့ ထူးသံကို တစ်ဖက်ကကြားပြီး အောင်တိုးကမေးလိုက်သည် ။

" ဟုတ်ပါတယ်"

"ကိုယ့်ကို သိပ်ပြီးစိတ်ဆိုးနေလား နှင်းသွယ်"

"ရှင်ဘာသဘောနဲ့ လုပ်တယ်ဆိုတာ ကျွန်မလုံးဝနားမလည်ဘူး၊ ရှင် တကယ်ပဲ သန္တာအောင်ကို လက်ထပ်မှာ လား"

"ဟုတ်ပါတယ်၊ ကိုယ် သူ့ကိုလက်ထပ်ဖို့ ဆုံးဖြတ်ပြီးပြီ"

"ဒါဆို ရှင့်မိဘတွေကို ရှင်ဘာဖြစ်လို့ ပွင့်ပွင့်လင်းလင်း မတိုင်ပင် တာလဲ"

ဖြူနှင်းသွယ်က ဒေါသဖြင့် အသံတွေတုန်လာသည် ။

"နှင်းရယ် သိပ်ကို စိတ်ထိခိုက်သွားလားဟင်"

"ဘာလဲ ရှင့်ကိုလက်လွှတ်ရလို့ ကျွန်မက ဝမ်းနည်းကြေကွဲနေတယ် လို့ ထင်ပြီး အထင်ကြီး မနေနဲ့ ၊ ခုအချိန်မှာ ကျွန်မမိဘနဲ့ ကျွန်မကိုစော် ကားတဲ့ ရှင့်ကို အရမ်းဒေါသဖြစ်နေတာပဲရှိတယ်။ မချစ်နှစ်သက်တဲ့ ရှင့် ကို မိဘစကားနားထောင်ပြီး လက်မထပ်ရတဲ့ အတွက် စိတ်ထဲမှာ လွတ် လပ်ပေါ့ပါး သွားတာ အမှန်ပဲ"

ဖြူနှင်းသွယ်...အောင်တိုးစကားဖြတ်မပြောနိုင်အောင် စကားကို တရစပ်ပြောလိုက်သည် ။

"ကျွန်မက ကျွန်မမိဘတွေကို အရှက်ခွဲတဲ့ ရှင့်ကို သိပ်မုန်းပြီး ခွင့်မလွှတ်နိုင်တာတော့ အမှန်ပဲ..."

"ဒီတော့ ရှင့်မိဘတွေကို ကျွန်မမိဘတွေဆီကို လာပြီး တောင်းပန်ခိုင်းပါ။ ဒါမှ မဟုတ်ရင် ကျွန်မ ဘယ်လိုမှ ခွင့်မလွှတ်နိုင်ဘူး"

"ခွင့်မလွှတ်နိုင်ဘူးဆိုတော့ နှင်းက ဘယ်လိုလုပ်မှာ လဲ"

"မတောင်းပန်ခိုင်းရင် ကျွန်မလုပ်ချင်တာလုပ်မယ်၊ ဘာလုပ်မလဲဆိုတာ မပြောနိုင်သေးဘူး၊ သေချာတာတော့ ရှင်အရှက်တကွဲအကျိုးနည်းမယ်၊ ပြီးတော့ ရှင်သိပ်လိုချင်တဲ့ သန္တာအောင်နဲ့ လည်း ခွာပြဲသွားနိုင်တယ်"

"အဲဒီလို အရှက်တကွဲဖြစ်အောင် မလုပ်ပါနဲ့ ကွာ"

"ဘာလဲ ရှင်ကသန္တာအောင်နဲ့ ကွဲရမှာ သိပ်ကြောက်နေလား"

"ဟုတ်ပါတယ် နှင်းသွယ်ရယ်"

"သန္တာအောင်က ဘယ်သူလဲ၊ ရှင် သူနဲ့ ငြိနေတာ ကြာနေပြီမဟုတ်လား"

"ဟုတ်ပါတယ် နှင်းသွယ်ရယ်၊ ဒါကြောင့် နှင်းသွယ်ကို ကိုယ်အဆက်အသွယ် ဖြတ်နေတာကို ရိုးသားစွာ ဝန်ခံပါရစေ"

"ထားလိုက်ပါ ရှင်ဘယ်သူ့ကိုယူယူ ကျွန်မစိတ်မဝင်စားဘူး၊ ရှင့်မိဘတွေကို လာပြီး တောင်းပန် ခိုင်းပါ၊ ဒါမှ မဟုတ်ရင် ကျွန်မ ဘယ်လိုမှ ခွင့်လွှတ်နိုင်မှာ မဟုတ်ဘူး "

"ကိုယ့်မိဘတွေကလည်း ကိုယ့်ရဲ့ လုပ်ရပ်ကို ခွင့်ပြုမှာ မဟုတ်ဘူး "

"သားသမီးမကောင်း မိဘခေါင်းတဲ့ ၊ ရှင်တို့ ဘက်က စော်ကားထားတာ လာပြီးတောင်းပန်မှ ကျွန်မကျေနပ်နိုင်မယ်"

"ကောင်းပါပြီ၊ မေမေတို့ ကို ကိုယ် ရှိခိုးတောင်းပန်ပြီး လွှတ်လိုက်ပါ့မယ်"

"ပြီးရောလေ၊ ပြောတဲ့ အတိုင်းဖြစ်ပါစေ"

ဖြူနှင်းသွယ်က စကားကိုပြတ်ပြတ်ပြောပြီး တယ်လီဖုန်းခွက်ကို ချလိုက်သည် ။ ခံပြင်းစိတ်၊ ရှက်စိတ်တွေ ပူလောင်နေသည် ။

အောင်တိုးနှင့် ခွဲခွာရသည့် အတွက် အသည်းကွဲခြင်းမရှိသော်လည်း မခံချင်သည့် ခံစားမှုတွေ ရင်ထဲမှာ ပြည့်သိပ်နေသည် ။

စိတ်လှုပ်ရှားလွန်း၍ အိပ်မပျော်နိုင်အောင်ပင် ခံစားနေရသည် ။

***

နောက်တစ်နေ့နံနက် အောင်တိုးရဲ့ မိဘများ မျက်နှာမသာမယာနှင့် သိမ်ငယ်စွာ ရောက်လာပါ သည် ။ ထိုအချိန်မှာ ညိုလွင်သွယ်က ကျောင်းသွားနေ၍ အိမ်မှာ မရှိပါ။

ဖြူနှင်းသွယ်က ထိုနေ့လူနာက ဆေးရုံကဆင်းသွားပြီး နောက်ထပ်လူနာမရသေး၍ အိမ်မှာ နားနေသည် ။ အောင်တိုးရဲ့ မိဘများက အလွန်ခယစွာဖြင့် သူတို့ သားရဲ့ ရိုင်းပျသောလုပ်ရပ်အတွက် တောင်းပန်ကြသည် ။

ဒေါက်တာကျော်လွင်က စိတ်ဆိုးလွန်း၍ လူကြီးတွေရဲ့ မျက်နှာကို မထောက်ထားနိုင်အောင် ဖြစ်သွားသည် ။ အောင်တိုးမစောင့်ထိန်းမှုကြောင့် မိဘများ လည်း မိတ်ပျက်ခဲ့ရ သည် ။

သန္တာအောင်သည် အောင်တိုးရဲ့ ကုမ္ပဏီပိုင်ရှင် သူဌေးရဲ့ သမီးဆိုတာသိလိုက်၍ အောင်တိုးရဲ့ သဘောထားကို ဖြူနှင်းသွယ်နှင့် အတူ မိဘတွေကပါ သဘောပေါက်သွားသည် ။

"မောင်အောင်တိုးက သူ့အတွက်အကျိုးရှိတဲ့ အိမ်ထောင်ရေးကို ရွေးလိုက်တာပဲ"

"ဒါပေမဲ့ အဖေကြီးရယ် ကိုယ်တို့ သမီးလေးကို သစ်စိမ်းချိုး ချိုးသွားတာ ခံရခက်လိုက်တာ"

"ကျွန်မတို့ ဆတ်ဆော့ပြီး သမီးလေးကို သူနဲ့ သဘောတူလိုက်တာကိုက မှားတာပါပဲ ရှင်"

"အေးလေ၊ ဘယ်တတ်နိုင်မလဲ အဖေကြီးရယ်၊ သမီးကြီးကိုပဲသနားလိုက်တာ"

"ဖြူနှင်းသွယ်အတွက် စိတ်မကောင်းမဖြစ်ပါနဲ့ ဖေဖေရယ်"

ဖြူနှင်းသွယ်က အပြင်ထွက်ရန် စိတ်ကူးပြီး မိဘတွေကိုနှုတ်ဆက်လိုက်သည် ။

"နှင်းသွယ် အပြင်သွားဦးမယ်ဖေဖေ"

"ဘယ်သွားမှာ လဲ သမီးရယ်"

စိတ်မကောင်းဖြစ်နေသော သမီးကို အပြင်လွှတ်ရမှာ စိတ်မချသဖြင့် ဒေါ်ကေသွယ်က မေးလိုက်သည် ။

"သူငယ်ချင်းတစ်ယောက်နဲ့ ချိန်းထားတာ ရှိလို့ ပါ"

"စိတ်ညစ်ပြီး လျှောက်သွားမနေနဲ့ နော်"

"အဲဒီကိစ္စနဲ့ ပတ်သက်ပြီး နှင်းသွယ် စိတ်နှောင့်အယှက်ဖြစ်သွားပေမဲ့ စိတ်မဆင်းရဲပါဘူး၊ နှင်းသွယ်အတွက် စိတ်မပူပါနဲ့ မေမေ"

"ဒါဆိုလည်း သွားပါကွယ်၊ ဘယ်အချိန် ပြန်လာမှာ လဲ"

"ညနေမှ ပြန်လာမှာ ပါ ဖေဖေ"

"အင်း...သွားလေ"

ဒေါ်ကေသွယ်က အပြင်ထွက်လိုက်လျှင် စိတ်လက်ပေ့ါပါးသွားနိုင်သည် မို့ ခွင့်ပြုလိုက်သည် ။ မရွှင်သောနှလုံးသားကို ပိုက်ထွေးပြီး ဖြူနှင်းသွယ် အိမ်ကထွက်လာသည် ။

မိဘတွေကို သူငယ်ချင်းထံသွားမည်ဟု တမင်လိမ်ညာခဲ့သည် ။ ယခုအချိန်မှာ ဘယ်သူနှင့် မှ စကားမပြောချင်ပါ။ တစ်ကိုယ်တည်း တိတ်ဆိတ်အေးဆေးစွာ နေချင်သည် မို့ အနှောင့်အယှက် ကင်းကင်းနေရာကိုရှာလိုက်သည် ။

ဘယ်သွားရမှန်း မသိသေးပါ။ နောက်ဆုံး အင်းလျားကန်စောင်းပန်းခြံထဲမှာ ထိုင်ရန် စိတ်ကူး လိုက်သည် ။ နေ့လယ်စာကို ကန်စောင်းကဆိုင်မှာ စားပြီး တစ်နေ့လုံး ပန်းခြံထဲက အရိပ်ကောင်းသောနေရာမှာ ထိုင်နေလိုက်သည် ။

တစ်ယောက်တည်း အတွေးတွေနှင့် ငူငူငေါင်ငေါင်ထိုင်နေသော သူ့ကို စုံတွဲတွေရော၊ အချို့ကပါ ကွက်ကြည့်ကွက်ကြည့် ကြည့်ကြသည် ကို သတိမမူနိုင်ပါ။

တက္ကသိုလ်ဝန်းကျင်ဖြစ်ပြီး လူသူသိပ်မပြတ်သောနေရာမို့ သူ့ကိုနှောင့်ယှက်မည့် သူတော့ မရှိပါ။

ညနေစောင်းမှ အိမ်ပြန်လာသည် ။

*****